၆။ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်တို့သာ ရှိကုန်သည်တကား။

### သရုပ်ဖော် အနက်ကျယ်

ဣမသ္မိံ ကာယေ၊ တွင်းပ ဝန်းကျင် မစင်မကြယ် ရွံဘွယ် ပြည့်လျှမ်း အရေလွှမ်းဖုံး ဤငါ၏တကိုယ်လုံး၌။

ကေသာ–ဦးခေါင်းထက်နေ တွက်ရေမျှားဖြင် ဆံပင်အစုတို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါကုန်သည်တကား။

လောမာ–ကိုယ်လုံးထက်အောက် အနှံ့ပေါက်သည့် မြားမြောက်စွာဟု မွေးညှင်းအစုတို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှား ရှိပါကုန်သည်တကား။

နခါ–လက် ခြေ ၂-ပါး အဖျားဌ်တွယ် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါကုန်သည် တကား။

ဒန္တာ–သွားဖုံး၌တွယ် သုံးဆယ့်နှစ်ချောင်း သွားအပေါင်းတို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှား ရှိပါကုန်သည်တကား။ ။ [သွားအပြည့်အစုံ ပေါက်သူမှာ ၃၂-ချောင်း ရှိ၏။]